# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# ကုန်သွယ်ရေးဦးစီးဌာန
# ကြော်ငြာစာအမှတ် (၁/၂၀၂၅)
# လျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၅၀) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | အငယ်တန်းစာရေး<br>(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | လစ်လပ်(၃၃)နေရာ |
| ( ခ ) | ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | လစ်လပ်(၇)နေရာ |
| ( ဂ ) | ဆက်သွယ်ရေး(၅)<br>(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | လစ်လပ်(၁)နေရာ |
| (ဃ) | ယာဉ်မောင်း(၅)<br>(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | လစ်လပ်(၄)နေရာ |
| ( င ) | ယာဉ်မောင်းစက်ပြင်(၅)<br>(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | လစ်လပ်(၁)နေရာ |
| ( စ ) | လုံခြုံရေး(၅)<br>(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | လစ်လပ်(၄)နေရာ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

( ခ ) အငယ်တန်းစာရေး/ ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ပြီး ကွန်ပျူတာ ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

( ဂ ) ဆက်သွယ်ရေး (၅) ရာထူးအတွက် အခြေခံပညာ အလယ်တန်းအဆင့်ရှိရမည်။

(ဃ) ယာဉ်မောင်း (၅) (ယာဉ်မောင်းလိုင်စင် (ခ) ပါရှိရမည်) ၊ ယာဉ်မောင်းစက်ပြင် (၅) (စက်ပြင်အတွေ့အကြုံနှင့် ယာဉ်မောင်းလိုင်စင် (ခ) ရှိရမည်) နှင့် လုံခြုံရေး (၅) ရာထူးများအတွက် အခြေခံပညာမူလတန်းအဆင့် ရှိရမည်။

( င ) ဌာန၏ လုပ်ငန်းသဘာဝအရ အမျိုးသားများအား ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။

( စ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

( ဆ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများနှင့် နုတ်ထွက်ခဲ့သူများ လျှောက်ထားခွင့်မရှိပါ။

( ဇ ) ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်တွင် အသက် (၁၈) နှစ်ပြည့်ပြီး (၃၀) နှစ်ထက် မကျော်သူဖြစ်ရမည်။

( ဈ ) အထက်ဖော်ပြပါ ရာထူးအဆင့်များအားလုံးအတွက် ဌာနတွင် အနည်းဆုံးတစ်ဆက်တည်း (၃) နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

( ည ) အငယ်တန်းစာရေးနှင့်အဆင့်တူရာထူး လျှောက်ထားသူသည် ခိုင်လုံသောအကြောင်းပြချက်တစ်စုံတစ်ရာ မရှိဘဲ (၃)နှစ် ပြည့်သည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ် (၁၀) သိန်း (ကျပ် ဆယ်သိန်းတိတိ) ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။

၃။ စာမေးပွဲဝင်ကြေးငွေ ၂၀၀၀/- (ကျပ်နှစ်ထောင်တိတိ) ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိငွေစာရင်းအမှတ် (MD-010022) သို့ ပေးသွင်းရမည်။ အခြားမြို့များမှ ပေးသွင်းပါက သက်ဆိုင်ရာမြို့၏ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ငွေလွှဲလက်မှတ်ဖြင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ် MD-010022 သို့ ပေးသွင်းရပါမည်။

၄။ လျှောက်လွှာပုံစံများကို နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ website ဖြစ်သည့် www.commerce.gov.mm တွင် Download ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည် -

(က) အငယ်တန်းစာရေးနှင့် အဆင့်တူရာထူးများအတွက် ပညာအရည်အချင်း အထောက်အထား ဘွဲ့လက်မှတ်/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ ဆက်သွယ်ရေး (၅)၊ ယာဉ်မောင်း (၅)၊ ယာဉ်မောင်းစက်ပြင် (၅) နှင့် လုံခြုံရေး (၅) ရာထူးများ အတွက် ကျောင်းထောက်ခံစာ **(မိတ္တူ)**

( ခ ) ရက်သတ္တပတ် (၂) ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓါတ်ပုံ **(၃) ပုံ (နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)**

( ဂ ) (၁) လအတွင်း ရယူထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက် **(မူရင်း)**

(ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) **(မိတ္တူ)**

( င ) နိုင်ငံသားစိစစ်ရေးကတ်ပြား **(မိတ္တူ)**

(စ) ကျန်းမာရေးကောင်းမွန်ကြောင်း (၁) လအတွင်း ရယူထားသည့် သက်ဆိုင်ရာမြို့နယ်ဆေးရုံ၏ ဆေးစစ်ချက် ထောက်ခံချက်**(မူရင်း)**

(ဆ) စာမေးပွဲဝင်ကြေး ပေးသွင်းပြီးသည့် ချလန်/ ငွေလွှဲပြေစာ **(မူရင်း)**

(ဇ) အလုပ်သမားမှတ်ပုံတင်ကတ် **(မိတ္တူ)**

၆။ နိုင်ငံ့ဝန်ထမ်းများသည် မူရင်းလျှောက်လွှာ (၁) စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍လည်းကောင်း၊ ပြင်ပမှလျှောက်ထားသူများအနေဖြင့် ဤဦးစီးဌာန (နေပြည်တော်) ရုံးချုပ်သို့ လျှောက်လွှာကို (၂၈-၁၁-၂၀၂၅) ရက် (သောကြာနေ့) အရောက် နောက်ဆုံးထား၍ လျှောက်ထားရန်နှင့် လာရောက်လျှောက်ထားသူများသည် မိမိနှင့်သက်ဆိုင်သည့် ပညာအရည်အချင်း အထောက်အထားများ (မူရင်း) ယူဆောင်လာရန်ဖြစ်ပါသည်။

၇။ အငယ်တန်းစာရေးနှင့်အဆင့်တူရာထူးလျှောက်ထားသူများကို (၆-၁၂-၂၀၂၅) ရက် နံနက် (၁၀:၀၀)ချိန်တွင် ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၌ အောက်ပါအတိုင်း အရည်အချင်းစစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပြီး ပဏာမရွေးချယ်ခံရသူများကိုဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။

| စဉ် | အကြောင်းအရာ | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ(ရေးဖြေ) | ၆-၁၂-၂၀၂၅ | နံနက် (၁၀:၀၀ မှ ၁၁:၃၀ထိ) |
| (ခ) | ကွန်ပျူတာကျွမ်းကျင်မှုလက်တွေ့ | ၆-၁၂-၂၀၂၅ | နံနက် (၁၂:၃၀ မှ ၁၆:၀၀ထိ) |
| (ဂ) | အထွေထွေဗဟုသုတ(လူတွေ့) | ၇-၁၂-၂၀၂၅ | နံနက် (၁၀:၀၀ မှ ၁၆:၀၀ထိ) |

၈။ ယာဉ်မောင်း (၅)နှင့် ယာဉ်မောင်းစက်ပြင် (၅) လျှောက်ထားသူများအား (၇-၁၂-၂၀၂၅) ရက် (၁၀း၀၀) မှစ၍ ယာဉ်မောင်းလက်တွေ့ကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ဆက်သွယ်ရေး (၅)၊ နှင့် လုံခြုံရေး (၅) ရာထူး လျှောက်ထားသူများအား (၇-၁၂-၂၀၂၅) ရက် (၁၀း၀၀) မှစ၍ လူတွေ့စစ်ဆေးခြင်းကို ပြုလုပ်သွားမည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ကတ်ပြားများကို (၅-၁၂-၂၀၂၅) ရက်တွင် ရုံးအမှတ်(၃)၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

၁၀။ အသက်ကန့်သတ်ချက်ကျော်လွန်သူများ၊ အချက်အလက်မပြည့်စုံသောလျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျ၍ ငွေသွင်းသူများအား လက်ခံစဉ်းစားမည် မဟုတ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးအမှတ်(၃)၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်းနံပါတ် ၀၆၇-၃၄၀၈၃၀၉ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန